# အရေးပေါ်သုံးရန်ရေသိုလှောင်ထားပါ

**ငလျင်ကဲ့သို့ သဘာဝဘေးများသည် ရေဖြန့်ဖြူးမှုစနစ်ကို ပျက်ဆီးစေနိုင်သည်။ သင့်မိသားစုဝင်တိုင်းအတွက် ရေ ၃ ရက်စာလှောင်ထားသင့်သည်။**

## အရေးပေါ်သုံးရေကို သိုလှောင်နည်း

၂–လီတာဘူးများသည် ရေသိုလှောင်ရန်အကောင်းဖြစ်သည်၊ အောက်ပါအဆင့်များအတိုင်းဆောင်ရွက်ပါ။

- သန့်ရှင်းသောဘူးဖြစ်ရမည်။ အစွန်းချွတ်ဆေး လက်ဘက်ရည်ဇွန်း ၁၊၈ နှင့် ရေ ၂ခွက်ကိုဘူးထဲထည့်ပါ။ အဖုံးပိတ်ပြီး ဘူးကို ဖြေးဖြေးလှုပ်ပါ။ အဖုံးနှင့် ဘူးထိပ်ကို ဆေးကျောထားရန်မမေ့ပါနဲ့။

- ဘူးထဲမှရေကိုသွန်ပြီး၊ ရေကို ဘူးထိပ်ထိရောက်အောင်ဖြည့်ပါ။ ရေဖြည့်သောနေ့စွဲကို ဘူးတွင်ကပ်ထားပါ။

- ရေကိုများနိုင်သမျှများများလှောင်ထားပါ မိသားစုဝင်တဦးအတွက် **၂–လီတာဘူး ခြောက်ဘူး** လှောင်ထားပါ။

- ၆လ တကြိမ် ရေဘူးများကို သွန်ပြီး ရေသစ်လဲပါ။ (နွေကူးနှင့် ဆောင်းကူး ရာသီတို့တွင် နာရီပြောင်းသောအခါ ရေဘူးများရေသစ်လဲရန် အချိန်သင့်ဖြစ်သည်။

သတိ– **ဖလ်ဘူးများ** (ကွဲလွယ်သည်)၊ **ပလတ်စတစ်နို့ဘူးများ** (ပိတ်ရန်ခက်ပြီး ကွဲလွယ်သည်) သို့မဟုတ် **ချွတ်ဆေးသို့မဟုတ် အခြားဓာတုဆေးများထည့်သောဘူးများ** ကိုမသုံးပါနဲ့။

